E-book is created by ***www.shanyoma.org***

# ရာမညတိုင်းတွင် သမိုင်းဝင်ခဲ့သော

# မွန်ခံတပ်မြို့ဟောင်း

# လှိုင်

သုံးဆယ်ထိဋ္ဌုတင်မြင့်

## ဥက္ကံသုံးဆယ် အပျိုချောတဲ့ လှိုင်ဘောလယ်

မွန္တိ၊ မွန်စ၊ မွန်ညဟူ၍ (မုတ္တမမွန်၊ ဟံသာဝတီဗခိုးမွန်၊ ပုသိမ်မွန်)မွန်သုံးရပ် ရှိသည်။ “လှိုင်”သည် မွန်စခေါ် ဗခိုး(၃၂)မြို့အဝင်အပါ ဖြစ်၏။

E-book is created by ***www.shanyoma.org***

တောင်ငူခေတ် ဥက္ကံ-တပုံးမြို့မှ မင်းရမ်းကား၏နှမတော် စမွိါ ယဒေဝီသည် ရုပ်ရည်ချောသန့်သည်။ ကုန်းဘောင်ခေတ် သုံးဆယ်နယ်သူ သီရိဘဒ္ဒဝတီဘွဲ့ခံဆင်ဖြူတော်မ မနှင်းနွယ်သည်လည်း ရုပ်ရည်ချောသန့်သည်။ လိုင်နယ်ကို အပိုင်စားရသော သာယာဝတီမင်းနှင့်အနောက်နန်း မိဖုရားမမြလေးတို့၏ချစ်သမီးတော် လှိုင်ထိပ်ခေါင်တင်သည်လည်း ရုပ်ရည်ချောသန့်သည်။ ဤသည်တို့ကို အကြောင်းပြု၍ "ဥက္ကံသုံးဆယ် အပျိုချောတဲ့လှိုင်ဘောလယ်"ဟု စာဆိုခဲ့ကြခြင်း ဖြစ်သည်။

ဤမျှ နာမကိတ္တိကျော်စောခြင်း ရှိလှသော မွန်နယ်က လှိုင်မြို့ဟောင်းသို့ သွားလိုသော ဆန္ဒရှိသည့်အလျောက် ကျေးလက်သန့်ရှင်းရေးမှူးတပည့်မောင်အုန်းမြင့်၊ ဆရာမ မကြံစိန်တို့၏အထူးအကူအညီဖြင့် သူရမြေလှေလာရေးအဖွဲ့သည် ၁၉၆၉-ခု၊ နိုဝင်ဘာလ(၈)ရက်နေ့ နံနက်ခင်းတွင် ခရီးထွက်ခဲ့ကြသည်။

## မြိုင်ရိပ်ချောင်မှာ လှိုင်ထိပ်ခေါင်ကိုလည်း လွမ်းမိပါရဲ့

မွန်အခေါ် ဖဍ္ဍန်း၊ မြန်မာအခေါ် ဖလုံသို့ နံနက်(၇)နာရီတွင် ရောက်ကြသည်။ ဖလုံမှာ ပြည်နှင့်ရန်ကုန်သွား ကားလမ်းပေါ်တွင် ရှိသည်။ ဖလုံမှ အနောက်တောင်စူးစူးသို့ ဖောက်လုပ်ထားသော ဖွံ့ဖြိုးရေးမြေတာကြီးသည် လှေ့လာရေးအဖွဲ့ကို ဖိတ်ခေါ်လျက်ရှိသည်။ ကျေးလက်သန့်ရှင်းရေးမှူးမောင်အုန်းမြင့်၏ဦးဆောင်မှုဖြင့် ဖလုံမှ မြကမ္ဘလာလယ်ကွင်းအတွင်း ဖွံ့ဖြိုးရေးလမ်းမကြီးအတိုင်း ခရီးနှင်ကြသည်။ ဖလုံနှင့်လှိုင်မှာ (၇)မိုင် ဝေးသည်။ တနာရီနီးပါး လမ်းလျှောက်မိသောအခါ ညိုမှိုင်း၍ အလှိုင်းအလှိုင်းထနေသော လှိုင်မြစ်ကမ်းက လှိုင်ရွာအနီး လှိုင်မြို့ရိုးတန်းကြီးကို လှမ်း၍မြင်ရသည်။

“အော်. . . မြိုင်ရိပ်ချောင် ဇွဲနဒီကမ်းမှာလ၊ လှိုင်ထိပ်ခေါင် ဒေဝီကိုလဲ လွမ်းမိပါရဲ့”ဟု နှုတ်မှ ရုတ်တရက် ရေရွတ်လိုက်မိသည်။

“နဒီဂနိုင်မှာ မြိုင်ရိပ်ချောင်ကမ်းကိုဖြင့်၊ ဆရာရေ. . . မဆီမဆိုင် လှိုင်ထိပ်ခေါင်ကိုလဲ မလွမ်းပါနဲ့”

အနီးမှ တပည့်တဦးက စာရေးသူ၏နဘေကို လှမ်း၍ချေလိုက်သဖြင့် ဝါးကနဲ ပွဲကျသွားသည်။

## ဖောင်တော်ခံမှ လှိုင်မြို့ဟောင်းသို့

ဖောင်တော်ခံရွာကမ်းမှ မြစ်လက်တက်ချောင်းကို ကူးတို့ဖြင့် ကူးကြသည်။ နောက် လှိုင်ရွာလမ်းမှသည် လှိုင်မြို့ဟောင်းသို့ လျှောက်ကြသည်။

“ဒီဟာ အပြင်ကျုံးပဲဆရာ”မောင်အုန်းမြင့်က လက်ညွှန်လိုက်သည်။ အပြင်ကျုံးမှာ လှိုင်မြစ်မှ တူးမြောင်းသဖွယ် ဖောက်သွယ်ထားသော ရေကြောင်းဖြစ်သည်။ ယခုမူ ကော၍ လျှိုဖြစ်နေပြီ။ အပြင်ကျုံးကို လွန်သော် အတွင်းကျုံးသို့ ရောက်လာသည်။ အတွင်းကျုံးမှာ မန္တလေးကျုံးမျှ ကျယ်၏။ မိုးနှင့်ဆောင်းအကူးဖြစ်၍ ရေခပ်စပ်စပ်ကလေး ရှိသည်။

အတွင်းကျုံးမှာ ဂုံးတံတားကလေးကို ကျော်ဖြတ်၍ ရွှေဂူဘုန်းတော်ကြီးကျောင်းသို့ သွားကြသည်။ ကျုံးတံတားမှာ ပဲခူးဟသာ်ာကုန်းဘုရားသို့သွားသော ကျုံးကူးတံတားနှင့်တူလှသည်။ ရွှေဂူဆရာတော် ဦးက္ကန္ဒိယဝံသထံ ဝင်ရောက်ဖူးမျှော်ကြသည်။ ဆရာတော်၏မိန့်ကြားချက်များကို နာခံ၍ လှိုင်မြို့ဟောင်းကို လေ့လာကြပါသည်။

ယခုအခါ လှိုင်မြို့ရိုးပေါ်တွင် ရွှေဂူကျောင်းနှင့်မြို့ရိုးကျောင်း ရှိသည်။ မြို့ရိုးမှာ မန္တလေးမြို့ရိုးမျှမြင့်မည် ခန့်မှန်းရ၏။ ကျောင်းမဆောက်ခင်က လှိုင်မြစ်ကမ်းဖက်တွင် ထရံထောင်အုတ်မြို့ရိုးသည် အထင်းသားရှိသေးသည်ဟု ဆို၏။ နောက်ဖြို၍ ကျောင်းဆောက်သည်။ ရွှေဂူကျောင်းဆောက်သောနေရာကို လေ့လာရာ၊ တဖက်တွင် ထရံထောင်နေရာရှိ၍ မြို့တွင်းဖက်တွင် ဆင်ခြေလျှော ရှိပါသည်။ သူရဲပြေးမြေအုတ်လမ်းမြို့ရိုးပေါ်တွင် ၆-ပေခန့် တပြေးတည်း ရှိသည်ကို တွေ့ရသည်။ ရွှေဂူကျောင်းအနီး မြို့ရိုးပေါ်တွင် လှိုင်ဘုရားစေတီတော်တဆူ ရှိသည်။

## လှိုင်မြို့တွင်း လယ်ကွင်းဘဝ

ရွှေဂူကျောင်းမြို့ရိုးပေါ်မှဆင်း၍ အနောက်ဖက်တံခါးဝသို့ သွားကြသည်။ လှည်းတစီး ဝင်ရုံသာရှိသော တံခါးပေါက်မှ မြို့တွင်းသို့ ဝင်ကြ၏။ ဦးစွာ နန်းတော်အုတ်ခုံနေရာသို့ ရောက်သည်။ အုတ်ခုံမှာ လယ်ကွက်ဖြစ်နေပြီ။ နန်းတော်ကုန်း နှမ်းခင်းထွန်ထားသောနေရာမှ စဥ့်အိုးခြမ်းကွဲ၊ ပန်းကန်ကွဲများကို ကျောင်းပြတိုက်အတွက် ကောက်ယူခဲ့ကြ၏။ စဥ့်အိုးခြမ်းကွဲမှာ ယခုခေတ်စဥ့်များနှင့်မတူကြောင်း ကွဲပြားစွာ သိရပါသည်။ မြို့တွင်းသည် လယ်ကွင်းအတိဖြစ်နေ၏။ လယ်ဧက ၄၀-ရှိသည်ဆို၏။ မြို့ရိုးတဖက်လျှင် ၂-ဖာလုံခန့်ရှည်သည်။ လေးထောင့်ကျကျ ဖြစ်သည်။ မြေမြို့ရိုးတန်းသည် မပျက်မစီးသေး၊ သစ်ပင်ကြီးငယ်များ အုပ်ဆိုင်းတည်ရှိနေ၏။ တံခါးတိုင် တံခါးရွက်များပင် အရှေ့ဖက်တံခါး၌ ယခင်က တွေ့ခဲ့ဘူးကြောင်း ဆရာတော်က မိန့်ကြားသည်။ မြို့တံခါး(၄)ပေါက်မှအပ မြို့တွင်းသို့ အခြားဝင်လမ်းမရှိပေ။

E-book is created by ***www.shanyoma.org***

နန်းတော်ကုန်းမှ အရှေ့ဖက်မြို့ရိုးသို့ ခရီးဆက်ကြသည်။ တဖန် တောင်ဖက်နှင့်အရှေ့ဖက်မြို့ရိုးဒေါင့်ရှိ မြို့ရိုးကျောင်းသို့ ဝင်ကြသည်။ မြို့ရိုးကျောင်း၏အနောက်မြောက်တွင် တောင်နန်းစံမိဖုရား၏ ရေကန်တော်ကို တွေ့ရသည်။ ပေ ၁၅၀-ပတ်လည်ခန့် ရှိမည်ထင်၏။ တဖန် မြို့တွင်းသို့ဖြတ်၍ ဘုရင့်ရေကန်တော်သို့သွားသည်။ ပေ ၃၀၀ ပတ်လည်ခန့်ရှိသော ကန်ကြီးတည်း။ ရေတွင်းလည်း ရှိ၏။ ဆရာတော်၏မိန့်ကြားချက်အရ ရေတွင်းနှုတ်ခမ်းမှာ ရိုးရိုးမဟုတ်ပဲ ဒေါင့်ကလေးများဖြင့် ပြုလုပ်ထားသည်ဆို၏။ သို့သော် ယခုခေတ်တွင် ရပ်သူရွာသားတို့က ရေတွင်းကိုပြင်ရာ ရှေးမူအောက်ခံအတိုင်းမပြင်ပဲ အဝိုင်းပြုလုပ်လိုက်သည်။

# ရန်လုံးနိုင်တဲ့

ကန်တော်မှ ရွှေဂူကျောင်းသို့ ပြန်ကြသည်။ နေမြင့်ပြီဖြစ်၍ နံနက်စာကို တပျော်တပါးကြီး လွေးကြပြီး ဆရာတော်အား ဝတ်ပြုကာ ခရီးဆက်ကြသည်။ မြို့ရိုးအပြင် အရှေ့တောင်ဖက်ရှိ "ရန်လုံးနိုင်"ရွာသို့ ရောက်လာ၏။

"ရန်လုံးနိုင်"တဲ့၊ ချစ်စရာ့အမည်ပေတကား။ ဤ"ရန်လုံးနိုင်" သည် မန္တလေးနန်းမြို့ရှိ သောင်းညွှတ်တံခါး ကျွန်းလုံးတံခါး၊ ကျော်မိုးတံခါး၊ ရန်နှင်တံခါး စသည်တို့ကဲ့သို့ တံခါးပေါက်အမည်များလား (သို့တည်းမဟုတ်) မြို့စောင့်ခံတပ်အမည်များ ဖြစ်လေမည်လားဟု တွေးမိပြန်၏။ ရန်အားလုံးကို နိုင်သောကြောင့် "ရန်လုံးနိုင်"၊ ပိုင်လိုက်တဲ့နာမည်ပင်. . .။

ရန်လုံးနိုင်ဆိပ်ကမ်းမှ ငှက်ဖြင့် ရွာသာရွာသို့ ကူးကြသည်။ ရွာသာ"လာဘော"ကျောင်းတိုက်သို့ ဝင်ကြ၏။ အစိုးရမူလတန်းကျောင်းရှိ

သည်။ ရွှာသာဆရာတော်၏ဦးဆောင်မှုဖြင့် ခေတ်မီစာကြည့်တိုက် တဆောင်ဆောက်ထားသည်။

# လှိုင်မြင့်ဦးနှင့်ဆွေးနွေးခြင်း

ရွှာသာဆရာတော်၏ဘွဲ့တော်မှာ ဦးပညာဝံသ၊ ကလောင်အမည်မှာ "လှိုင်မြင့်ဦး"ဖြစ်သည်။ ဆရာတော်အား လှိုင်မြို့ဟောင်းအကြောင်းကို လျှောက်ထားမေးမြန်းကြသည်။ ဆရာတော်ထံ၌ ယခင်က ပေစာတချပ်ရှိသည်။ ယင်းပေစာအရ လှိုင်သည် မွန်တို့၊ မွန်စ၊ မွန်ညဟူ၍ မွန်သုံးရပ်တွင် ဗခိုးမွန်(မွန်စ)၃၂မြို့၌ ပါဝင်သည်။ လှိုင်ရွာကို မွန်(၁၇)မ၊ (မွန် ၁၇အိမ်ထောင်)မတည်သည်။ ခေါ်ပြီးစားနှင့်ကျိုက်စကိုင်းတို့တွင် စေတီဘုရားများ တည်ခဲ့ကြသည်။ ယခုတိုင် ထိုစေတီတော်များကိုဖူးတွေ့နိုင်၏။ လှိုင်မြို့ကို ပေစာ၌ ပဲခူးမင်း တည်သည်ဆိုသည်။ ခေတ်နှင့်သက္ကရာဇ် မပါ။

ဆရာတော်နှင့်ဆက်လက်၍ ဆွေးနွေးသည်။ မွန်ဘုရင်ဆင်ဖြူရှင်ဘွဲ့ခံ ဗညားဦးသည် သက္ကရာဇ် ၇၁၀-တွင် ဟံသာဝတီ၌ မင်းပြု၏။ ဗညားဦး နန်းတက်သော် နယ်စားပယ်စားများကို ခေါ်တော်မူကြောင်း ရာဇာဓိရာဇ် အရေးတော်ပုံတွင်. . .

"မုတ္တမမြို့ကို ပြတ်တဗပုန်စားသည် သစ်တောင်မြို့စား၊ တိုက်ကုလားမြို့စား၊ လှိုင်မြို့စား မှူးမတ်များကို ခေါ်တော်မူသည်"ဟု တွေ့ရှိရသည်။

ယင်းကို ထောက်၍ ဗညားဦး ပဲခူး၌ ထီးနန်းမစိုက်မီပင် လှိုင်မြို့ကို တည်သလော။ သို့သော် နယ်စားပယ်စားနေရုံမျှပင် ရှိနိုင်မည်ထင်၏။ အကြောင်းကား ( )မှစ၍ ဗညားဦးခမည်းတော် အဲလောမင်းအထိ မုတ္တမတွင်သာ ရှိခဲ့သည်။ ဗညားဦးလက်ထက်တွင် (ပဲခူး)ဟံသာ

ဝတီသို့ ပြောင်းရွှေ့၍ မင်းနေပြည်တော် တည်သည်။ နောက် မွန်စ ဟံသာဝတီ(၃၂)မြို့ကို အခိုင်အခန့်တည်ဆောက်မွမ်းမံသည်။ ဤသည် ကို ထောက်၍ ဆင်ဖြူရှင်ဗညားဦးလက်ထက် တည်သောခံတပ်မြို့ဖြစ် ကြောင်း ယုံမှားဖွယ် မရှိပေ။

ဟံသာဝတီတွင် ဗညားဦး စိုးစံချိန် အင်းဝ၌ မင်းကြီးစွာစော် ကဲ မင်းပြုလျက်ရှိ၏။ ထိုနောက် ဟံသာဝတီတွင် လွန်၍ သားတော် ငယ်မည် ဗသုန်ဗစက်ခေါ် ဗညားနွဲ့သည် ရာဇာဓိရာဇ်အမည်ခံကာ မင်း ပြုသည်။ ရာဇာဓိရာဇ်မင်းဖြစ်သော် မြောင်းမြမြို့စားလောက်ဖျားသည် အင်းဝမင်းကြီးအား သံတမန်စေ၍ ချီတက်လုပ်ကြံရန် လျှောက်ထား သည်။ ဤအကြောင်းကို ဦးကုလားမဟာရာဇဝင်ကြီး ပထမတွဲတွင်. .

"သားတော်ဆင်ဖြူရှင်မှာ တောင်ငူကြောင်းချီသည်။ ညီတော် ပြင်စည်မင်းဆွေလည်း သာယာဝတီကြောင်းချီ၍ လှိုင်မြို့ကို ရောက် တော်မူလျှင် ရွပ်ရွပ်ချွံချွံ လုပ်ကြံတော်မူသည်။ လှိုင်မြို့ ပျက်လေ၏။ လှိုင်မြို့စား သမိန်စိတ်ပွန်ကိုလည်း ရတော်မူ၏ဟူ၍ တွေ့ရသည်။

ရာဇာဓိရာဇ် အရေးတော်ပုံတွင်. . .

"ဘဝရှင် နှစ်သက်တော်မူ၍ အလုံးအရင်းနှင့်တကွ ချီလာပြီး လျှင် လှိုင်မြို့ကို လုပ်ကြံသည်။ ရှင်ဘုရင် ရာဇာဓိရာဇ်လည်း မဆွက ပင် အမတ်တိန်တတပ်၊ ရဲသင်ရန်တတပ်၊ နှစ်တပ်ခန့်၍ တိုက်ဆင်နှစ် ဆယ်၊ စစ်သည်တော်နှစ်သောင်းနှင့်လှိုင်မြို့က ခံသည်။ တလကျော် လုပ်ကြံ၍ လှိုင်မြို့ကို မရနိုင်"ဟု ပါရှိသည်။

အင်းဝခေတ် မြန်မာ့သမိုင်းတလျှောက်တွင် "လှိုင်မြို့"ကို မင်း ကြီးစွာနှင့်ရာဇာဓိရာဇ်တို့၏စစ်ခင်းရာ စစ်လမ်းကြောင်းအဖြစ်၎င်း၊ ရာ ဇာဓိရာဇ်နှင့်ဘုရင်မင်းခေါင်တို့၏စစ်ခင်းရာ စစ်လမ်းကြောင်းအဖြစ်

ဂုဏ်း တွေ့မြင်နိုင်သည်။ သို့ကြောင့် လှိုင်မြို့သည် မွန်နယ်ရှိ လှိုင်မြစ်ကြောင်း ခံတပ်မြို့အဖြစ် ထင်ရှားနေပါသည်။

## အဆုံးသတ် ဆွေးနွေးအပြီးတွင်

"အင်း. . . ဒကာရဲ့ အကြောင်းပြချက်လဲ အတော်ခိုင်လုံသားပဲ"ဆရာတော်ဦးပညာဝံသက အားရဝမ်းသာ မိန့်တော်မူသည်။ ဆရာတော်က ဆက်၍မိန့်ကြားတော်မူသည်။ ဆရာတော်ကဆက်၍မိန့်ကြားပြန်သည်။ ဤအတိုင်းဆိုပါက လှိုင်မြို့သည် နှစ်ပေါင်း ၆၀၀-ကျော်ခဲ့ပြီဖြစ်သည်။ ရွာသာယာနှင့်ဖိုးခေါင်ရွာသည် တဆက်တည်းနေသည်။ ယင်းဖိုးခေါင်ရွာကို "လှိုင်ဖိုးခေါင်"ခေါ်သည်။ ဖိုးခေါင်နှင့်အိုင်ကလောင်လည်း လှိုင်မြစ်ကို ကွေ့၍ ပတ်လည်တည်သည်။ ဖိုးခေါင်ရွာ၏အနောက်ဖက်တွင် ဖောင်တော်ဦးစေတီ ရှိသည်။ မြို့တည်ရန် ဖောင်တောင်စုန်စဉ်က ဖောင်တော်ဦးဆိုက်၍ ဖောင်တော် ရပ်တည်စခန်းချရာနေရာဖြစ်သည်။ ဖိုးခေါင်ရွာဦးသည် ယာယီနန်းစိုက်ရာ ဖြစ်သည်။ ယခုမူ စေတီပျက်များသာ ရှိသည်။ အချို့လည်း ကမ်းပြိုရာ ပါသွားကုန်ပြီ။ နောက် ယာယီနန်းကနေ၍ လှိုင်မြို့ကို တည်သည်။ ကျုံးကို မြစ်ရေမှ သွယ်သည်။ ကျုံးတွင်းသို့ ရေတပ်တော်များကို သွင်းရာ လှေဖောင်များဖြင့် ဆီးကြိုခံယူ၍ မြို့တွင်းသို့ ဝင်သည်။ မြို့တွင်းဝင်ရန် ဖောင်တော်များ ခံထားသောနေရာဖြစ်၍ "ဖောင်တော်ခံ"မည်သည်ဆို၏။ ဖောင်တော်ခံစေတီမှာ ကမ်းပြိုရာ ပါသွားပြီ။

"လှိုင်"ဟုခေါ်ခြင်းမှာ ဘုရာခုနစ်ဆူနှင့်လိုဏ်ခုနစ်လှိုင်ရှိသောကြောင့် "လှိုင်"မည်သည်။ သို့သော် မွန်စကား"လှိုင်"ဖြစ်သည်။ မြန်မာဘာသာပြန်သော် "အိပ်ပျော်သည်"ဟု အနက်ရသည်။ တနည်းအားဖြင့် အိပ်ပျော်သကဲ့သို့ မတုန်မလှုပ်ပဲ ရန်သူကို ခုခံသောဌာနပင်ဖြစ်

သည်။ ယင်းစကားနှင့်ဆက်သော် "ရန်လုံးနိုင်"သည် ခံတပ်မဟာကြီး တည်ထားရာ ဘူမိနက်သန် ဖြစ်နိုင်သည်။

ဆရာတော်ဦးပညာဝံသ(လှိုင်မြင့်ဦး)သည် ယင်းသို့ မြိန်ရေရှက်ရေ မိန့်ကြားတော်မူသည်။ လေ့လာရေးအဖွဲ့လည်း ဆရာတော်စွန့်ကြဲတော်မူသော ငမောင်ပြာဖီးခြမ်းငှက်ပျောသီးများကို လွေးကြလျက် "လှိုင်မြို့"သမိုင်းကို မှတ်သားကြ၊ ဆွေးနွေးကြသည်။

ညနေစောင်းလေပြီ။ နေခြည်သည် လှိုင်မြစ်ရေ အဏ္ဏဝါကို လွှမ်းခြုံ၍ လှုပနေသည်။

"နောင်ဒီဟီ. . . နောင်ဒီဟီ"ဟူသော ဆရာတော့်ကျောင်းမှ (၃)နာရီ ဗဟိုရ်မောင်းသံသည် သာယာငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။ သူရမြေလေ့လာရေးအဖွဲ့လည်း ဆရာတော်အား ဦးတင်၍ လှိုင်မြစ်ကြောင်းဝယ် လှေလောင်းဖြင့် စုန်ရင်း "နဒီဂနိုင် မြိုင်ရိပ်ချောင် စခန်းမှာဖြင့်၊ မဆီမဆိုင် လှိုင်ထိပ်ခေါင်ကိုပဲ လွမ်းလွမ်းပြီး"လှိုင်ဆိပ်ကမ်းက လှမ်းခွာခဲ့ပါသတည်း။

သုံးဆယ်ထိဋ္ဌီတင်မြင့်

မှတ်ချက်။ ။ရှုဒေါင့်ဂျာနယ်၊ ၁၅-၁-၁၉၇၀-ခုနှစ်ထုတ်၊ စာမျက်နှာ(၂၉-၃၀)၌လာရှိသောဆောင်းပါးကို ပြန်လည်ပြင်ဆင်ခြင်းမရှိပဲ ရိုက်နှိပ်ထားပါသည်။